# သုံးစွဲ စားသုံးသူများအတွက် အရေးကြီးသော သိကောင်းမှတ်သားဖွယ်ရာ အချက်အလက်များ

ဤအရေးကြီးသည့် သိကောင်းမှတ်သားဖွယ်ရာ အချက်အလက်များကို ဖတ်ရှုသည့်အတွက် ကျေးဇူးတင်ပါသည်။ မေးမြန်းစရာရှိလျှင် ကျွန်ုပ်တို့၏ ဝန်းထမ်းများကို မေးပါ။ သင်နှင့်သက်ဆိုင်သော လျှို့ဝှက်ချက်များ မပေါက်ကြားစေရပါဟု အာမခံပါသည်။

## သင်၏ကျန်းမာရေးကိစ္စအဝဝကိုဦးဆောင်တာဝန်ယူသူ နှင့် ကုသမှု အစီအစဉ်

ဦးဆောင်တာဝန်ယူသူ မန်နေဂျာ သည် သင့်အားစောင့် ရှောက် ပြုစုပေးနေသောအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ အဆိုပါ မန်နေဂျာ သည် သင်နှင့်ရင်းနှီးစွာဆွေးနွေးတိုင်ပင်လျက် သင်၏စိတ္တဇနာ ပျောက်ကင်း၍ တိုးတက်ကောင်းမွန်လာစေရန်အတွက် ပြုစုစောင့်ရှောက် အားပေးမှု အကောင်းဆုံး ရရှိအောင် ဆက်စပ်ပေးပါလိမ့်မည်။

သင့်အား ပြုစုကုသရေးနှင့် ပတ်သက်သည့်ကိစ္စများကို မိသားစု၊ ပြုစုစောင့်ရှောက်သူ၊ ရှေ့နေ စသည်တို့အား မည်ရွေ့မည်မျှ အသိပေးလိုသည်ဆိုသည်ကို မန်နေဂျာနှင့် တိုင်ပင်ပြောပြပါ။ သင့်အား ရောက်လာစမှာ စမ်းသပ်ခဲ့စဉ်က သင်ပြောပြခဲ့သည့် အချက်အလက်များကို ၊ သင့်အား ပြုစုစောင့်ရှောက်မှု နှင့် ကုသမှု အစီအစဉ် မှတ်တမ်းတင်ရန်အတွက် ဆေးခန်းတွင် ထားရှိထား ပါသည်။ သင့်အားကုသမှုပေးရန် အစီအစဉ်နှင့်စပ်လျဉ်း၍ မေးစရာရှိလျှင်မေးပါ၊ အားမနာပါနှင့်။ သင်၏ရောဂါအခြေအနေတွင် ပြောင်းလဲမှုရှိလျှင် ပြောပြရန် အထူးလိုအပ် အရေးကြီးပါသည်။

## သတင်းအချက်အလက်များထုတ်ဖေါ်ခြင်း

သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ နှင့် ပြုစုကုသမှု တို့ကို အောက်ပါ အခြေအနေမျိုး တွင်သာ ထုတ်ဖေါ်အသိပေးခွင့်ရှိသည်။

- လုပ်ရိုးလုပ်စဉ်အရ သင်က အမည်စာရင်းပေးထားသော သင်၏အထွေထွေရောဂါကုဆရာဝန်ထံ
- သင်၏ခွင့်ပြုချက်ဖြင့် ၊ သတင်းထုတ်ဖေါ် ခွင့်ပြု ပုံစံ လက်မှတ်ထိုးပြီးမှ
- ဥပဒေ အရ လိုအပ်ခဲ့လျှင် ၊ ဖြစ်တောင့်ဖြစ်ခဲသော အခြေအနေမျိုးတွင်သာ

## သုံးစွဲ စားသုံးသူတို့၏ တုံ့ပြန်သဘောထား တင်ပြချက်

ကျွန်ုပ်တို့သည် လူနာ နှင့် ဧည့်သည်တို့၏ တုံ့ ပြန်သဘောထား တင်ပြချက်ကို လိုလား ကြိုဆိုပါ၏။ သုံးစွဲစားသုံးသူ ကျေနပ်မှုသုံးသပ်သည့်ပုံစံ နှင့် မကျေနပ်ချက် သို့မဟုတ် ချီးမွမ်းစကားရေးသား ရန် ပုံစံတို့ကို ဤသိကောင်းမှတ်သားဖွယ်ရာအချက်အလက်များ အထုပ်တွင်ပူးတွဲ ထားပါသည်။ သင်၏ မကျေနပ်ချက်ကို လျှို့ဝှက်ထားမည်ဖြစ်သည့်အတွက် သင့်အား ပြုစုစောင့်ရှောက်ခြင်းကို ထိခိုက်နစ်နာမည်မဟုတ်ပါ။ ချီးမွမ်းစာများကို ဝန်ထမ်းများထံ ဆက်လက်ပေးပို့ပါမည်။ ဖြည့်သွင်းပြီးသောပုံစံများကို NMAHS MH ဝန်ဆောင်လုပ်ငန်းတိုင်းတွင်ရှိသည့် လုံခြုံသော အကြံပေးချက်များထည့်ရန်သေတ္တာထဲသို့ထည့်ပါ။ သင်၏ အကြံပေးချက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ ၏တုံ့ ပြန်ချက်သိလိုလျှင် သင့်အားဆက်သွယ်ရန်လိပ်စာကိုပါ ရေးသားထည့်ပေးလိုက်ပါ။ သင်၏ကိစ္စအဝဝဆိုင်ရာ မန်နေဂျာသည် သင့်ပြဿနာများ ၊ သင်မေးမြန်းစရာရှိသည့်မေးခွန်းများကို ကူညီဖြေရှင်းပေးရန်အတွက်သင့်ထံပါးတွင်ရောက်ရှိနေသည်ကိုမေ့မနေပါနှင့်။ ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များကို အဆက်အသွယ်ကတ်ပြားတွင်ရှုပါ။ ကျွန်ုပ်တို့အနေနှင့် သင်၏နာလန်ထ ပြန်လည်ကျန်းမာလာရေးအတွက် သွားရာလမ်းကြောင်းအတိုင်း ရှေ့သို့ လက်တွဲ ချီတက်လုပ်ဆောင်သွားလိုပါသည်။

*၂၀၀၆ ခုနှစ် ဧပြီလ ။ ဝွန်ဒါလွတ် စားသုံးသူအဖွဲ့မှ ပြန်လည်သုံးသပ်ပြီးထောက်ခံထားသည်။*